UNITED NATIONS
HUMAN RIGHTS COUNCIL

# မီဒီယာထံ အကြောင်းကြားစာ

## မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ မှတ်တမ်းများကို Universal Periodic Review က ပြန်လည် သုံးသပ်စစ်ဆေးမည်။

**ဂျီနီဗာ** (၂၀၂၁ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်) - မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ မှတ်တမ်းများကို ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ Universal Periodic Review (UPR) လုပ်ငန်းအဖွဲ့က ၂၀၂၁ခုနှစ် ဇန်နဝါရီလ ၂၅ ရက် တနင်္လာနေ့တွင် ကျင်းပမည့် အစည်းအဝေးတွင် တတိယအကြိမ်မြောက် သုံးသပ်စစ်ဆေးမည်ဖြစ်ပြီး အဆိုပါ အစည်းအဝေးကို webcast တိုက်ရိုက်ထုတ်လွှင့် သွားမည်ဖြစ်ပါသည်။

ဇန်နဝါရီ ၁၈ မှ ၂၉* အထိ ကျင်းပမည့် အစည်းအဝေးတွင် UPR လုပ်ငန်းအဖွဲ့က နိုင်ငံပေါင်း ၁၄ နိုင်ငံကို သုံးသပ်စစ်ဆေးမည်ဖြစ်ပြီး၊ မြန်မာနိုင်ငံက အဆိုပါ (၁၄)နိုင်ငံထဲမှ တစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထမအကြိမ် လူ့အခွင့်အရေးဆိုင်ရာ မှတ်တမ်းများ သုံးသပ်စစ်ဆေးခြင်းကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် ပြုလုပ်ခဲ့ပြီး ဒုတိယအကြိမ်သုံးသပ်စစ်ဆေးခြင်းကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင်ပြုလုပ်ခဲ့သည်။

သုံးသပ်စစ်ဆေးရာတွင် အောက်ဖော်ပြပါ အထောက်အထားများပေါ် အခြေခံပြီး ဆောင်ရွက်သွားမည်ဖြစ်သည်။

၁။ နိုင်ငံတော်အစီရင်ခံစာအရ နိုင်ငံတော်မှ ပေးအပ်ထားသည့် အချက်အလက်များ

၂။ လွတ်လပ်သော လူ့အခွင့်အရေး ကျွမ်းကျင်ပညာရှင်များနှင့် အဖွဲ့များ (အထူးလုပ်ထုံးလုပ်နည်းများ ဟု ခေါ်တွင်သည်) လူ့အခွင့်အရေး သဘောတူစာချုပ်ပါ အဖွဲ့များနှင့် အခြားသော ကုလသမဂ္ဂအဖွဲ့အစည်းများ ၏ အစီရင်ခံစာများတွင် ပါဝင်သော အချက်အလက်များ၊

၃။ အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့များက တင်ပြသော သတင်းအချက်အလက်များတို့ ဖြစ်သည်။

ဇန်နဝါရီလ ၂၅ ရက်တွင် ပြုလုပ်မည့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာမှတ်တမ်းများ သုံးသပ်စစ်ဆေးရာ၌ အခြေခံထားသည့် **အစီရင်ခံစာ** သုံးစောင်ကို ဤနေရာ တွင် တွေ့ရှိနိုင်သည်။

**ကျင်းပမည့်နေရာ**။ Assembly Hall, Palais des Nations, Geneva (မှတ်ချက် - COVID-19 ကန့်သတ်ချက်များကြောင့် **လူကိုယ်တိုင်ပါဝင်ခြင်□နှင့် အဝေးရောက်ပါဝင်ခြင်း** နှစ်မျိုးစလုံး အသုံးပြုပါ မည်။ **မီဒီယာကိုယ်စားလှယ်များကို Webcast တွင် ကြားနာချက်များကို ကြည့်ရှုရန်ပန်ကြားပါသည်။**

**ကျင်းပမည့် အချိန်နှင့်နေ့ရက်**။ ၉း၀၀ - ၁၂း၃၀ တနင်္လာနေ့၊ ဇန်နဝါရီလ ၂၅ ရက် (Geneva Time MT +1hour)

UPR သည် ထူးခြားသော လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပြီး၊ ကုလသမဂ္ဂအဖွဲ့ဝင် (၁၉၃) နိုင်ငံအားလုံး၏ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ မှတ်တမ်းများကို ပုံမှန်သုံးသပ် စစ်ဆေးခြင်းများပြုလုပ်သည်။ UPR ၏ ပထမဆုံး အစည်းအဝေးကို ၂၀၀၈ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့ပြီး၊ ကုလသမဂ္ဂ အဖွဲ့ဝင် (၁၉၃) နိုင်ငံအားလုံး၏ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ မှတ်တမ်းများကို သုံးသပ်စစ်ဆေးခဲ့သည်။ တတိယအကြိမ် စစ်ဆေးချက်တွင် ယခင် သုံးသပ်စစ်ဆေးခဲ့စဉ်က မည်ကဲ့သို့ ဆောင်ရွက်သင့်ကြောင်း အကြံပြုချက်များကို မိမိတို့နိုင်ငံအနေနှင့် အကောင်အထည်ဖော်ခဲ့သော အဆင့်များကို ဖော်ထုတ်တင်ပြရမည် ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို တင်ပြသွားရမည်ဖြစ်သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ဦးဆောင်ပါမည်။

မြန်မာနိုင်ငံအား သုံးသပ်စစ်ဆေးရာတွင် ပါဝင်သည့် ကုလသမဂ္ဂအဖွဲ့၏ ကိုယ်စားလှယ် သုံးဦးမှာ မော်ရီတေးနီယား၊ ဖိလစ်ပိုင်နှင့် ရုရှားဖယ်ဒရေးရှင်းတို့မှ ဖြစ်သည်။

အစည်းအဝေး **Webcast** ထုတ်လွှင့်ခြင်းကို http://webtv.un.org တွင် ကြည့်ရှုနိုင်သည်။

မြန်မာနိုင်ငံအား သုံးသပ်စစ်ဆေးသည့် အစည်းအဝေးတွင် အမှာစကားပြောကြားမည့်သူများ အမည်စာရင်းနှင့် ပြောကြားသည့် တင်ပြချက်များကို [UPR Extranet](UPR Extranet) တွင် ဖော်ပြထားမည်ဖြစ်သည်။

UPR လုပ်ငန်းအဖွဲ့သည် မြန်မာနိုင်ငံနှင့် ပါတ်သက်သည့် အကြံပြုချက်များကို ဇန်နဝါရီလ ၂၉ ရက်နေ့ ညနေ ၁၅း၃၀ တွင် **အတည်ပြုရန် စီစဉ်ထားသည်။** သုံးသပ်စစ်ဆေးခြင်းခံရသော နိုင်ငံက အကြံပြုချက်များနှင့် ပါတ်သက်ပြီး မိမိတို့နိုင်ငံ၏ အနေအထားကို ထင်ဟပ်သည့် မိမိ၏ ထင်မြင်ယူဆချက်များကို ထုတ်ဖော်ပြောကြားစေလိုပါက ပြောနိုင်ပါလိမ့်မည်။

*၃၇ကြိမ်မြောက် UPR အစည်းအဝေးကို မူလက ၂၀၂၀ခုနှစ် နိုဝင်ဘာလတွင် ကျင်းပပြုလုပ်ရန်စီစဉ်ထား ခဲ့သော်လည်း COVID-19 အခြေအနေများကြောင့် **ရွှေ့ဆိုင်း**ခဲ့ပါသည်။

**ပြီး**□□

*နောက်ထပ်သိလိုသော အချက်များရှိပါက (သို့) မီဒီယာနှင့်ပတ်သက်ပြီးတောင်းခံစရာ ရှိပါက Rolando Gómez, HRC Media Officer, at +41 (0) 22 917 9711, rgomez@ohchr.org , or Matthew Brown, HRC Public Information Officer, at mbrown@ohchr.org  အား ဆက်သွယ်နိုင်ပါသည်။*

*Universal Periodic Review အကြောင်းပိုမိုသိရှိလိုပါက www.ohchr.org/hrc/upr တွင် ဝင်ရောက်လေ့လာနိုင်သည်။*

**လူ့အခွင့်အရေးကောင်စီ**၏ ဆိုရှယ်မီဒီယာ Facebook, Twitter, Youtube, Instagram ကို follow လုပ်ထားနိုင်ပါသည်။